# ခရောင်းကွင်းကျေးရွာ

# ကန်ကြီးထောင့်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်(၂၀၁၉-၂၀၂၃)



ပြုစုရေးဆွဲသူ

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**ခရောင်းကွင်းကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ်**

**(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)**

၂၀၁၉ ခုနှစ်၊ မတ် လ

**မာတိကာ**


မာတိကာ ၁

အတိုကောက်စကားလုံးများ ၅

စကားချီး ၆

ခရောင်းကွင်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကန်ကြီးထောင့်မြို့နယ် ၈

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၉**

**(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉**

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာ၀အရင်းအမြစ်များ ၁၁**

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာ၀အရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁**

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ၀င်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

**(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၄**

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာ၀အရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု–လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၉**

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၁**

**(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၃**

**(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၄**

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

**(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၃၀**

**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၃၂**

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့ အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

**(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၃**

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ ၃၆**

**(၁) လူမှုစီးပွားရေး အခြေအနေ**

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့်အိမ်ထောင်စု များ

ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

## (၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

**ဇယား** ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

**ဇယား** ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ **သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ**

ဇယား ၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
**ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု**
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မူခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၇၁**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ) ၇၄**

**ကိုးကားစာရင်း ၇၇**

**အတိုကောက်စကားလုံးများ**

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |

| | |
|---|---|
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၁-၂၀၂၂ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေး အတွက်လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ် များကိုတက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြ သော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ် နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမကကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်း ဖြင့်ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည်ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တို့၏ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင်ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်

ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည်စီမံကိန်းဆိုင်ရာအချက်အလက်များ၏အကြောင်းအရာများ ဖြစ်ပြီး ဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

မတ် လ ၊ ၂၀၁၉ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ခရောင်းကွင်းကျေးရွာ

ကန့်ကြီးထောင့်မြို့နယ်

ခရောင်းကွင်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကန်ကြီးထောင့်မြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေး ရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင်ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ၊ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊သတင်းအချက်အလက်များရယူရန်နှင့်ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန်လိုအပ်သောနည်းပညာများရရှိရန်အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ၊(၅)နှစ်တာကာလအပြီးတွင်ရရှိေ ာင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန်ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့်နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

**အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့်ဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များ အနေဖြင့်ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့်ယုံ ကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေး ဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့်၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှု များပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့်အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင် ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင်ရှင်း လင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ငွေကြေး အခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။သို့ဖြစ်၍လက်တွေ့အကောင်အထည်ဖော်ရာတွင်

ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ကန်ကြီးထောင့်မြို့နယ်နှင့်ကံကုန်းကျေးရွာကြား၊ ရန်ကုန်ပုသိမ်အဝေးပြေးလမ်းမကြီးနှင့် (၁) မိုင် အကွာခန့်တွင်တည်ရှိပြီး နွေအခါတွင် သွားလာရလွယ်ကူသော်လည်း မိုးတွင်းကာလများတွင် လမ်းများပျက်စီး၍သွားလာရခက်ခဲပါသည်။ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီးအဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာစိုက်ပျိုးရေးနှင့်ဥယျာဉ်ခြံ လုပ်ငန်းဖြစ်ပါသည်။ ကျေးရွာသည် ချိုင့်ပုံသဏ္ဍာန်ရှိနေသဖြင့် မိုးရာသီတွင် ရေကြီးနစ်မြုပ်မှုများ နှစ်စဉ်နှစ်တိုင်းကြုံတွေ့ရပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင် လယ်ကွင်းများရှိပြီး အနောက်ဘက်တွင် သစ်တောများဝန်းရံထားပါသည်။လယ်ယာမြေများသည်စပါးစိုက်ပျိုးထုတ်လုပ်ရန်နှင့်ဥယျာဉ်ခြံလုပ်ငန်းတွင်ကွမ်းနှင့်အခြားသီးပင်စားပင်များ စိုက်ပျိုးထုတ်လုပ်ရန်သက်မွေးဝမ်းကျောင်းလုပ်ရန်တို့အတွက် အဓိကအားထားရာဖြစ်သည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာသည် ဆည်မြောင်းမှတူးဖော်ထားသော မြောင်းလက်တက်များမှ ဒီရေအတက်အကျကိုစောင့်၍ စိုက်ပျိုးရေကို လယ်ယာမြေများအတွက် အသုံးပြုရပါသည်။ ကျေးရွာတွင်လယ်ယာမြေအသင့်အတင့်ရှိပြီး မြေဆီသြဇာအသင့်အတင့်ကောင်းမွန်ပါသည်။ လယ်ယာမြေစိုက်ပျိုးဧက (၁၅၀) ဧကခန့်ရှိပြီး နွေစပါးနှင့် ဆောင်းစပါးကို အဓိကစိုက်ပျိုးသည်။ကျေးရွာ၏အနောက်ဘက်သစ်တောများတွင် ဂဝံကျောက်များထွက်ရှိပါသည်။ သဘာဝ တိရိစ္ဆာန်မျိုးစိတ်များလည်း ရရှိနိုင်မှုနည်းပါးသွားပြီဖြစ်သည်။ နွားစာအတွက်မြက်များကို လယ်ကန်သင်းများနှင့်မြောင်းကမ်းပါးမှအလွယ်တကူရရှိနိုင်သည်။စားကျက်မြေသီးသန့်မရှိတော့ပါ။ ဆေးဘက်ဝင်အပင်များမှာ သာမန်တွေ့ရများသောအပင်များသာရှိသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၈၁)စုနှင့်ကျား(၁၄၆)၊ မ(၁၄၄)ဦးဖြစ်၍လူဦးရေပေါင်း (၂၉၀)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၂.၅)ဦးနှုန်းရှိပြီးနိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက်လျော့နည်းသည်။

ကျေးရွာတွင် ကရင်လူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိ လူဦးရေအားလုံး၏ ၆၃.၈ %ရှိပြီး အမျိုးသမီးမှာ အမျိုးသားအရေအတွက်ထက်၄%ပိုများသဖြင့် အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကိုပါထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေး အတွက် ပိုမိုအထောက်အအကူပြုစေနိုင်ပါမည်။

**(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့်အသင့်အတင့်ကောင်းမွန်သည်။ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင်အိမ်ထောင်စု အားလုံး၏ ၇၆%သည် ဆင်းရဲနှင့် အလွန်အိမ်ထောင်စုအဆင့်အဖြစ်သတ်မှတ်ကြပြီး ၃%သည် ချမ်းသာသည့်အဆင့်၊ ၂၁ %သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု အနည်းအကျဉ်းရှိသော်လည်း လက်လှမ်းမမှီမှု၊ လယ်ယာသုံးစက်ကိရိယာအားနည်းမှု၊ မြောင်းလက်တက်မှ ဒီရေအတက်အကျပေါ်မူတည်၍ ရေသွင်း ယူရသောကြောင့် ကျေးရွာစီးပွားရေး အနေအထားမှာ အများအားဖြင့် ကောင်းမွန်ခြင်း မရှိပါ။အလယ်အလတ်ရှိသောအိမ်ထောင်စုများအပြင်အခြားလယ်သမားအိမ်ထောင်စုအချို့မှာလည်း လက်သမား၊ ပန်းရံ၊ အရောင်းအဝယ်စသော အသေးစားအိမ်တွင်း လုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်မျှပိုင်သော လယ်သမားများ၊ လက်လုပ်လက်စား၊ ဆောက်လုပ်ရေး လုပ်ငန်းခွင် လုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ကျေးရွာတွင်မြေယာမဲ့ အိမ်ထောင်စု အရေအတွက် (၇၀.၉%)ထိရှိကာ ဆင်းရဲ၊ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများပါဝင်ကြသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင်မြေယာမဲ့ အိမ်ထောင်စုအရေအတွက်မှာ သုံးပုံနှစ်ပုံခန့်ရှိသော်လည်း ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကဝင်ရောက်လုပ်ကိုင်ကြပြီး ဆောက်လုပ်ရေး လုပ်ငန်း၊လက်လီဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းများ၊ ဆန်ကြိတ်စက် လုပ်ငန်း စသည် တို့တွင်လည်း လုပ်ကိုင်ကြသည်။ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀%ဖြစ်သော အိမ်ထောင်စု (၁၆)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏၆၄%မှာ သူတပါးထံမှ မချေး မငှားပဲ သုံးလခန့်နှင့် ၂၁ %ခန့်မှာ သူတပါးထံမှ ချေးငှားစရာမလိုပဲ ၃ လမှ ၅ လခန့်နှင့် ၁၅% မှာ သူတပါးထံမှ ချေးငှားစရာမလိုပဲ ၆ လမှ ၁၂ လအထိ နပ်မှန်အောင်စားသုံးနိုင်ကြ ကြောင်းတွေ့ရှိရသည်။အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သောအိမ်ထောင်စုအားလုံးသည် အကြွေးငွေ ၁၀၀,၀၀၀/– ကျပ်မှ ၅၀၀,၀၀၀/– ကျပ်ထိတင်ရှိနေကြသည်။ ချေးငွေအများစုကို ပုဂ္ဂလိကငွေချေး လုပ်ငန်းများ၊ ကျေးရွာသမဝါယမအသင်းနှင့် ကျေးရွာရှိအများပိုင်ရန်ပုံငွေများမှ ချေးယူ ရရှိကြသည်။

ချေးငွေများကို အသုံးပြုကြပုံမှာ စားသုံးရန်၊ ရင်းနှီးမြှုပ်နှံရန်နှင့် ကျန်းမာရေးကိစ္စရပ်များအတွက် အဓိကသုံးစွဲကြပြီး ဝင်ငွေရအလုပ်အကိုင်များ၊ ပညာရေးတို့အတွက် ဒုတိယအနေအထားတွင် သုံးစွဲကြသည်။

ကျေးရွာတွင်ထိခိုက်လွယ်သောအိမ်ထောင်စုများမှာ မိသားစုစောင့်ရှောက်မှု နည်းသူများ ဖြစ်သည့်သက်ကြီးရွယ်အို (၃)ဦး တို့ဖြစ်ကြသည်။ ထိခိုက်သက်ရောက်မှု အမျိုးအစားတွင် သစ်တောပြုန်းတီးမှုကိုသာ အသင့်အတင့် အနေအထား တွေ့ရပြီး ကျန်အမျိုးအစားများကို နိမ့်သည့်အနေအထားများ တွင်သာ တွေ့ရသည်။ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများအတွက် အုပ်စုအလိုက်ခွဲခြားသတ်မှတ်ရာတွင်လည်း ထိခိုက်သက် ရောက်မှုမြင့်မားကြောင်းတွေ့ရသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အစားအစာပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုသည် မိုးရာသီတွင် သွေးလွန်တုပ်ကွေး အဖြစ်များကြပြီး လူကြီးများမှာ သွေးတိုးရောဂါအဖြစ်များကြသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်း အများစုတို့သည်လည်း တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ အသင့်အတင့်သာရှိကြသည်။ကျေးရွာသားများအနေ ဖြင့်အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာမှမိုင်ဝက်ခန့်အကွာရှိအနောက်စုကျေးရွာကျေးလက်ဆေးပေးခန်းနှင့် ၇ မိုင်ခန့်ကွာဝေးပြီး ကားလမ်းဖြင့် အလွယ်တကူသွားလာနိုင်သော မြို့နယ်ဆေးရုံ၊ ဆေးဆိုင်များ နှင့်လည်း လက်လှမ်းမီသည်။

ကျေးရွာတွင် ရေတွင်း၊ အဝီစိတွင်း (စက်တပ်) များမှ မြေအောက်ရေကို အလွယ်တကူ လုံလောက်စွာရနိုင်ကြပြီး ဝမ်းပျက်ဝမ်းလျှောနှင့် အခြားကူးစက်နိုင်သော ရောဂါဖြစ်ပွါးမှုများ နည်းပါးကြောင်း တွေ့ရသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်မှာ ကျေးရွာတွင် ၃ ဦးသာရှိပြီး တက္ကသိုလ်ပညာ သင်ကြားသူဦးရေ ၆ ဦးသာ ရှိပါသည်။ကျေးရွာတွင် အခြေခံပညာရေးကိုရွာတွင်းရှိ အခြေခံ ပညာမူလတန်းကျောင်းနှင့် အထက်တန်းကို တကုန်းကြီး ကျေးရွာအုပ်စုတွင်တက်ရောက်သင်ကြားနိုင်ပါသည်။အထက်တန်းပညာရေးကို ကန်ကြီးထောင့် မြို့နယ်တွင် တက်ရောက်သင်ကြားနိုင်ပြီး တက္ကသိုလ်ပညာရေးကို ပုသိမ်မြို့တွင် သင်ကြား နိုင်ပါသည်။ သို့သော်သက်မွေးဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်အခွင့်အလမ်းများသည်လည်း နည်းပါးဆဲဖြစ်သည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင်ကျားမဆိုင်ရာ ဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစုအတွင်းကျား/မတို့၏အခန်းကဏ္ဍအသီးသီးကိုရပ်ရွာသတ်မှတ်ချက်များအတိုင်းကျင့်သုံးကြပ ါသည်။ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများမတွေ့ရပါ။

ကျေးရွာတွင်အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်အခြား နယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သောကိန်းဂဏန်းများတွင်မူလတန်း၊အလယ်တန်းနှင့်အထက်တန်းများရှိ ကျား၊မ အရေအတွက် မှာအလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများကပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက်လုပ်အားခလျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူအမျိုးသမီးပါဝင်မှုတို့မှာအသင့်အတင့်ရှိကြသည်။အခြားလူမှုရေး အသင်းအဖွဲ့များတွင်လည်းအမျိုးသမီးပါဝင်မှုအသင့်အတင့်ရှိကြသည်။ကျား/မတန်းတူ ညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

**၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် ဘာသာရေးနှင့် ပတ်သက်သော အဖွဲ့အစည်း မရှိပါ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း (၁) ဖွဲ့ ရှိပါသည်။ ယင်းအဖွဲ့များအနက် စီးပွားရေးဆိုင်ရာ အလုပ်အကိုင်များ၊ စိုက်ပျိုးရေးအတွက်လုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်လျှက်ရှိပါသည်။ ကျေးရွာတွင် ဘုံပစ္စည်းများ ဝယ်ယူထားကြပြီးကျေးရွာတွင်းရှိ လူမှုရေး ကိစ္စများတွင် အသုံးပြုနိုင်ရန်ဖြစ်သည်။လူမှုအဖွဲ့တွင်မူ ကျေးရွာ၏ လူမှုရေး၊ သာရေးနာရေးများအတွက် ဈေးဝယ်ရေး၊ချက်ပြုတ်ရေး၊ ဧည့်ခံကျွေးမွေးရေးစသော လုပ်ငန်းအမျိုးအစားအလိုက် တာဝန်ခွဲဝေဆောင်ရွက်မှုများ ကောင်းမွန်သည်။

ကျေးရွာတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သည့် Pact Myanmar အဖွဲ့၊ငွေစုငွေချေး အဖွဲ့တို့ရှိကြပြီး ကျေးရွာသားအများစုမှာ ကျေးရွာတွင်း အသင်းအဖွဲ့ များတွင် ပါဝင်ဆောင်ရွက်လျှက်ရှိသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် စပါးနှင့်မတ်ပဲကို အဓိကထားစိုက်ပျိုးကြပြီး တချို့အိမ်ထောင်စုများမှာ ဖရဲ၊

ရေတိစိုက်ခင်းများရှိသည်။ လယ်မြေကေ (၁၅၀) ကေ ရှိပြီး နွေစပါးရိတ်သိမ်းပြီးချိန်တွင် သီးထပ်အဖြစ် ဆောင်းစပါးကိုစိုက်ပျိုးကြသည်။ နွေစပါးတစ်ကေပျမ်းမျှအထွက်နှုန်းမှာ(၈၀)တင်း၊ ဆောင်းစပါးတစ်ကေ ပျမ်းမျှအထွက် (၁၀၀)တင်းနှုန်းထွက်ရှိသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ အားနည်းကြပြီးစိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှ လည်းတောင်သူများ အတွက် ဝန်ဆောင်မှုများအားနည်းကြသည်။ ကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ကမကထပြုပြီး မျိုးစပါးစိုက်ပျိုး ထုတ်လုပ်ရေးဆောင်ရွက်ခြင်း၊ သီးနှံစံပြစိုက်ကွက်များ နမူနာပြစိုက်ပျိုးခြင်းများ မရှိပါ။တောင်သူအများစုသည်လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှုပြဿနာကို ရင်ဆိုင်ရတတ်ပြီးလုပ်အားခပိုမိုပေးမှအလုပ်သမားများကိုငှားရမ်းရရှိနိုင်ကြကာကုန်ကျစရိတ်မြင့်မား ရသည်။ သီးနှံစိုက်ခင်းများတွင်နှစ်စဉ်နှစ်တိုင်းဖျက်ပိုးကျရောက်မှုကိုတွေ့ရှိရပြီး ထိရောက်သော ဖျက်ပိုးနှိမ်နင်းရေးနည်းစနစ်နှင့် ဆေးဝါးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ လိုအပ်သလို ကူညီဆောင်ရွက်ပေးစေလိုပါသည်။

ကျေးရွာတွင်လယ်ထွန်စက်အပိုင်မရှိသည့် တောင်သူများသည် ငှားရမ်းထွန်ယက်ကြရာတွင် တစ်ကေ ကာလပေါက်ဈေး ၂၀၀၀၀/-ကျပ်ဝန်းကျင် ပေးငှားရကာ ငှားရမ်းခဈေးနှုန်းကြီးမြင့်မှုကို ရင်ဆိုင်ကြရပြီး တစ်ချို့တောင်သူများမှာ နွားနှင့် စက်တပ်နွားပုံများကိုသာ အသုံးပြုထွန်ယက် ကြသည်။ ထို့ကြောင့်ငှားရမ်းခ ဈေးနှုန်းသက်သာစွာရရှိနိုင်ရေးအတွက် လိုလားနေကြသည်။ ကျေးရွာတွင်ဝက်မွေးသူအိမ်ထောင်စုမှာတစ်ရွာလုံး၏ ၄၀%ဝန်းကျင်သာ ရှိပြီးဒေသမှဝက်မျိုးများကို တစ်အိမ်လျှင် (၁) ကောင်၊ (၂) ကောင်မျှသာမွေးမြူကြသည်။ ဒေသကြက်မွေးသည့် အိမ်ထောင်စုမှာတစ်ရွာလုံးပင် ဖြစ်ပါသည်။ ရာသီအလိုက်ဖြစ်ပွါးတတ်သော ကြက်နာ၊ ဝက်နာ တိရိစ္ဆာန်ရောဂါများ နှစ်စဉ်နှစ်တိုင်းကျရောက်တတ်သည်။ ကျေးရွာတွင် တနိုင်တပိုင် မွေးမြူသည့်အိမ်ထောင်စုအရေအတွက်နှင့် မွေးမြူသည့်ကောင်ရေတို့ လျော့နည်းလျက်ရှိသည်။ သီးနှံစိုက်ပျိုးရေးလုပ်ငန်းများမှ ဆက်စပ်ဝင်ငွေအထိုက်အလျောက်ရရှိနိုင်ခြင်း ၊ကူးစက်ရောဂါအခါ အားလျော်စွာကျရောက်တတ်ခြင်းနှင့် မွေးမြူရေးလုပ်ငန်းကို စိတ်ဝင်တစားဆောင်ရွက်ပြီးဝင်ငွေ ရရှိလိုမှု အားနည်းကြခြင်းတို့ကြောင့် မွေးမြူရေးလုပ်ငန်းနည်းပါးသည်။ ကျေးရွာတွင်မွေးမြူရန် ရေမြေနေရာအဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများ မရှိပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် ထင်း၊ မီးသွေးလုပ်ငန်းမှအပ အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ် ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုး၊ လက်သမား၊ ပန်းရံ၊ အစိုးရဝန်ထမ်းလုပ်ငန်း (ဆရာ/ မ) တို့ဖြစ်ကြသည်။လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှအသင့်အတင့်အနေအထားတွင် တည်ရှိသည်။ ကျဘမ်း အလုပ်သမားအချို့သည်

လခစားအလုပ် ပြည်တွင်းစက်ရုံများနှင့် စားသောက်ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ တွင် ဝင်ရောက်လုပ်ကိုင်ကြသည်။ လုပ်သက်နှင့်ပညာအရည်အချင်းအလိုက် ၈၀,၀၀၀/- ကျပ်မှ ၁၅၀,၀၀၀/- ကျပ်အထိ ရရှိကြသည်။

ပန်းရံ၊ လက်သမားများ၏ ဆရာအဆင့်လုပ်အားခမှာ တစ်နေ့ ၁၀,၀၀၀/- ကျပ် ရနိုင်ကြသည်။ ကျေးရွာတွင် စပါးကို အဓိကစိုက်ပျိုးကြပြီး ကျေးရွာမှအလုပ်သမားများအတွက် အလုပ်အကိုင်အသင့်အတင့်ရရှိကြသည်။စပါးရိတ်သိမ်းချိန်များတွင်လုပ်အားခကိုကေအလိုက်သတ် မှတ်ကြပြီး စပါး ၁ ကေရိတ်သိမ်းခ ၂၅,၀၀၀/- မှ ၃၀,၀၀၀/- ကျပ်အထိရှိကာ အလုပ်သမား (၄) ဦး၊ (၅) ဦး က တစ်ကေကို (၁) ရက်အတွင်း ပြီးစီးနိုင်၍ တစ်နေ့ ပျမ်းမျှလုပ်အားခ ၅,၀၀၀/- မှ ၆,၀၀၀/- ကျပ်အတွင်းရနိုင်ကြသည်။ တစ်နှစ်အတွင်း ရိတ်သိမ်းရသည့် အလုပ်လုပ်ရက်ပေါင်းမှာ (၃၀) ရက်မှ (၄၀) ရက်ခန့်ရှိတက်သည်။ လုပ်အားခရရှိမှုမှာ ကျားနှင့် မအတွက် မတူညီနိုင်ပဲ ကျားလုပ်အားခက အမြဲတမ်းလိုလို ပိုနေတတ်သည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး လူ့အရင်းအမြစ် အလားအလာကောင်းတစ်ရပ် ဖြစ်သည်။မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြ သည်။ အပ်ချုပ်၊ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်ရှော့စသည်တို့သည် သက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်ကြသော်လည်း ရွာသားအများစု အဆိုပါသင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်းအနည်းငယ်နိမ့် ကျကြပြီး ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှု အားနည်းသည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာရှိ စပါးစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓာတုမြေသြဇာသုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့်ဓါတုပိုးသတ်ဆေးများကိုသာအသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလစတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေး သင့်သည်။

ဤကျေးရွာမှာ မြေပြန့်ဒေသအပိုင်းတွင်တည်ရှိ၍ ရေကြီးရေလွှမ်းခြင်းများနှစ်စဉ်လိုလိုပင် ဖြစ်ပွား တက်ပါသည်။ မြေပြန့်ဒေသဖြစ်ခြင်းကြောင့်လည်း မုန်တိုင်းဘေးအန္တရာယ် ကျရောက်တက် ပါသည်။ အားပြင်းသော မုန်တိုင်းဝင်ရောက်မှုတခါတရံကြုံတွေ့ရတတ်သည်။ ကျေးရွာ၏ ဘေးပတ်ဝန်းကျင်မှာသစ်တောသစ်ပင်များဖြင့်စိမ်းလန်းစိုပြေနေသောကြောင့်မိုးခေါင်ခြင်းသဘာဝ အန္တရာယ်မှာ အလွန်နည်းပါးပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်လအတိုးနှုန်း ၈ဝ ပြားတိုး၊ တစ်ဧက တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ ကျေးရွာတွင် ငွေစုငွေချေးအဖွဲ့၊ Pact Myanmar အဖွဲ့များ ဖွဲ့စည်းထားပြီး ရွာသားအများစုသည် အဖွဲ့အလိုက် အဖွဲ့ဝင်များအဖြစ်ပါဝင်နေကြကာ တစ်နှစ်အတိုးနှုန်း ၃ဝ%ဖြင့် အသင်းဝင်များ ငွေချေးယူနိုင်ကြသည်။ ပုဂ္ဂလိကငွေစုငွေချေးအဖွဲ့များတွင် ချေးငွေကို (၆)လအထိချေးယူနိုင်ပြီးဝိုင်းကြီးချုပ်စနစ်ဖြင့် ချေးငွေပြန်လည်ပေးဆပ်ရေးဆိုင်ရာစည်းကမ်းပိုင်းတွင်တင်းကျပ်ထားသည်။ ကျေးရွာစိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ သမဝါယမအသင်းများ ဖွဲ့စည်းထားခြင်းမရှိပါ။

ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ပညာရေးဆိုင်ရာကိစ္စရပ်များအတွက်ချေးယူကြပြီးကျေးရွာတွင်ချေးငွေလိုအပ်ချက်များပြားကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲအိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက်အရအကြွေးငွေ ပမာဏသည် ကျပ်တစ်သိန်းမှ ငါးသိန်းထိရှိကြကြောင်း တွေ့ရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းကို အလျား ၆ဝ ပေ၊ အနံ၃ဝ ပေ၊ အမြင့် ၁၂ ပေ အရွယ်ရှိသွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေအခင်းကျောင်းဆောင်တွင် သင်ကြားပေးသည်။

ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုတို့ကို ကျေးရွာမှမိုင်ဝက်ခန့်ဝေးသည့် ကျေးလက် ဆေးပေးခန်း၊ တိုက်နယ်ဆေးရုံနှင့် (၂)မိုင်ခန့်ဝေးသည့် ကန်ကြီးထောင့်မြို့နယ်ဆေးရုံကို ကားလမ်းဖြင့်အလွယ်တကူသွားရောက်ကုသနိုင်ကြသည်။ ကျေးရွာတွင်ကျေးလက်ဆေးပေးခန်း မရှိသဖြင့် သရက်တောဆေး ပေးခန်းတွင် သွားရောက်ပြသကြရသည်။

သောက်ရေအတွက် ရေတွင်း၊ အဝီစိတွင်း (စက်တပ်) နှင့် အဝီစိတုံကင်တွင်းများ တူးဖော်တပ်ဆင်သုံးစွဲကြပြီးလုံလောက်မှုရှိသည်။တစ်ရွာလုံးနီးပါးယင်လုံအိမ်သာဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သောရောဂါဖြစ်ပွားမှုများနည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာစနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက်အသုံးပြုရန်လွယ်ကူသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက်အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိသော်လည်းဘောလုံးကွင်းနှင့်ပိုက်ကျော်ခြင်းကွင်းများရှိသည်။လူငယ်အချို့သည်အရက်သေစာသောက်စားမှုအနည်းငယ်

ရှိကြသော်လည်းကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင် တတ်နိုင်သမျှ တက်ကြွစွာ ပါဝင်ကူညီဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်မူမြောင်းတူးရေတွင်းဖော်၊ လမ်းဖောက်ခြင်းလုပ်ငန်းများတွင်ပူးပေါင်းပါဝင်မှုများရှိသည်။ လူငယ်များ အသိဉာဏ်ဖွံ့ဖြိုးရေးအတွက်မူ စာကြည့်တိုက်တစ်ခုဆောက်လုပ်ပေးရန်လည်း လိုအပ်လျှက်ရှိပါသည်။

**(ဇ) အခြေခံ အဆောက်အဦ – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

၂၀၁၇ခုနှစ်က ရွာတွင်းလမ်းကိုထပ်မံမြှင့်တင်ခဲ့ပြီး လမ်းကြိတ်စက်ဖြင့် ကြိတ်ပေးခဲ့ကာအမာခံလမ်း အဖြစ် အသုံးပြုနိုင်ခဲ့သည်။ ချဉ်းကပ်လမ်းကို ၂၀၁၂ ခုနှစ်က ဂဝံကျောက်လမ်းအဖြစ်ခင်းပေးခဲ့သဖြင့်အဆင်ပြေချောမွေ့စွာသွားလာနိုင်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသော်လည်း ကျောက်ခင်းလမ်းမှ ကွန်ကရစ်လမ်းအဖြစ်သို့ ခင်းပေးရန် ကျေးရွာသူ/သားများမှလိုလားနေကြသည်။ သွားလာရေးကောင်းမွန်ရန် အတွက် မော်တော်ဆိုင်ကယ် (၂၀)စီးနှင့် စက်ဘီး(၁၅)စီး၊ ထော်လာဂျီ(၇)စီး တို့ကိုအသုံးပြုလျှက်ရှိကြသည်။ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကိုဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ အိမ်တိုင်းနီးပါးမျှလက်ကိုင်ဖုန်းအသုံးပြုနေကြပြီဖြစ်သည်။ ကျေးရွာတွင်အင်တာနက်အသုံးပြုနိုင်မှုမှာအသင့်အတင့်မျှသာကောင်းမွန်ပြီးအခြားသတင်းအချက်အလက်များအတွက်ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက်အဆောက်အဦမရှိသည့်အပြင်ရွာသားများသည် သတင်းစာ၊ ဂျာနယ်တို့နှင့် အလှမ်းဝေးကြပါသည်။ တစ်ရွာလုံးအတိုင်းအတာဖြင့်တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အသင့်အတင့်သာ ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့်ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကိုအသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလိုဆက်သွယ်သိရှိနိုင်သည်။ကျေးရွာတွင်သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ရွာသားများသည် ကျိုက်လတ် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီးကျေးရွာတွင်ရာဇဝတ်မှုဖြစ်ပွါးခြင်းနည်းပါးသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့်စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ခရောင်းကွင်းကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသတွင်တည်ရှိပြီး ပုသိမ်အရှေ့မြို့နယ်ရန်ကုန်-ပုသိမ်အဝေးပြေးလမ်းမကြီးပေါ်ရှိကန်ကြီးထောင့်မြို့နှင့် ကံကုန်းကျေးရွာအနီးကြားကားလမ်းမနှင့် (၁) မိုင်ခန့်အကွာတွင်တည်ရှိပါသည်။ နွေအခါတွင် သွားလာရလွယ်ကူသော်လည်းမိုးတွင်း အခါတွင် လမ်းများပျက်စီးသဖြင့် သွားလာရ အနည်းငယ်ခက်ခဲပါသည်။ကျေးရွာတွင်လျှပ်စစ်မီးမရှိသောကြောင့်ထင်းဖြင့်ချက်ပြုတ်ခြင်း၊ ကျောင်းသား/သူများသည်ဖယောင်းတိုင်၊ ရေနံဆီမီးခွက်၊ ဘက်ထရီမီးတို့ဖြင့် စာဖတ်ရသဖြင့် စာဖတ်ချိန်နည်းခြင်း၊ ရသနှင့်သီတင်းအစုံအလင် တို့အားသူများအိမ်တွင် သွားရောက်ကြည့်ရှုရသောကြောင့် လူနေမှုအဆင့်အတန်းမြင့်မားလာရန် နှောင့်နှေးနေပါသည်။

လူဦးရေအားလုံး၏ ၅၀ %မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ ဘွဲ့ရအရေအတွက်အနည်းငယ်မျှရှိပြီးကျွမ်းကျင်မှုနှင့်သက်မွေးဝမ်ကျောင်းသင်တန်းများကိုလူငယ်များအားလေ့ကျင့်သင်ကြားပေးခြင်းဖြင့်လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာလူထု၏ကျန်းမာရေး အခြေအနေမှာယေဘုယျအားဖြင့်ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့်ဝန်ဆောင်မှုများသို့လည်းအသင့်အတင့်လက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့်စိုးရိမ်ရသောဆေးဝါးကုသလိုမှုအတွက်လည်း ကန်ကြီးထောင့်မြို့နယ်ဆေးရုံနှင့် ပုသိမ်ဆေးရုံကြီးသို့ သွားရောက်ပြီး ဆေးကုသမှုများခံယူနိုင်ကြသည်။ ကျေးရွာအတွင်းတွင် ပြင်ပနှင့်ကျေးရွာအတွင်းမှဖွဲ့စည်းထားသောလူထုအခြေပြုအဖွဲ့အစည်းများ အတော်အသင့်ရှိပြီး အဖွဲ့များ၏လုပ်ငန်းလည်ပတ်မှုမှာ အသင့်အတင့်ကောင်းမွန်ကြပေသည်။ ပြင်ပပုဂ္ဂလိကငွေချေးအဖွဲ့များ၊ အစိုးရဌာနများနှင့် အချိတ်အဆက် ပိုမိုကောင်းမွန်လာစေရန်မျှော်လင့်ပြီးထိုအထောက်အပံ့ များဖြင့်ကျေးရွာအတွက် လယ်ယာလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုနှင့် အခြားသေးစားလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်အထောက်အပံ့ကောင်းများဖြစ်လာစေရေးမျှော်လင့်ပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှလည်း စိုက်ပျိုးရေး နှင့်ပတ်သက်သော ခေတ်မီနည်းပညာပေးစနစ်များလာရောက်ပို့ချပေးရန်ကျေးရွာမှတောင်သူများက မျှော်လင့်နေကြပါသည်။

သဘာဝအရင်းအမြစ်များတွင်လယ်မြေများသည်မြေပြန့်ဖြစ်ပြီးမြေဆီသြဇာအတော်အသင့်ကောင်းမွန်သည်။ တောင်သူများလည်းလယ်ယာထွက်ကုန်များကိုအလွယ်တကူသယ်ယူပို့ဆောင်ရောင်းချနိုင်ပါသည်။စပါး၊ပဲနှင့်ဖရဲတို့ကိုအဓိကစိုက်ပျိုးကြသည်။ မြေဆီသြဇာကောင်းမွန် သောကြောင့်ခရောင်းကွင်းကျေးရွာမှ အဓိကစိုက်ပျိုးသောစပါးမှာ အလွန်အထွက်တိုးကောင်းမွန်သည်။ ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှု ဝန်ဆောင်မှုလုပ်ငန်းများအတွက်လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင်အင်တာနက်အသုံးပြုနိုင်မှုမှာအသင့်အတင့်ကောင်းမွန်ပြီးအခြားသတင်းအချက်အလက်များအတွက်

ချိတ်ဆက်အသုံးပြုနိုင်သည်။

လူမှုရေးပရဟိတအသင်းအဖွဲ့များအားနည်းသော်လည်း ကျန်းမာရေးနှင့်အခြားလူမှုရေး၊ ကျေးရွာရှိလူငယ်များမှာ လိုအပ်လျှင်လိုအပ်သလို ကူညီဆောင်ရွက်ပေးကြသည်။ အလုပ်အကိုင် အခွင့်အလမ်းနှင့် ပတ်သက်ပြီးပုသိမ်အထည်ချုပ်စက်ရုံနှင့် စက်မှုဇုန်များတွင် သွားရောက် လုပ်ကိုင်နိုင်ကြသည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာအနေအထားအရ ယေဘုယျအားဖြင့်အဟန့်အတားစိန်ခေါ်မှု အများအပြား တွေ့နေ ရပါသည်။ ကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများ အနည်းငယ်ရှိပြီး အဖွဲ့များကြားတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိသော်လည်း ခေါင်းဆောင်မှုအပိုင်းနှင့် ညှိနှိုင်းဆောင်ရွက်မှုအပိုင်းတွင် စနစ်တကျမှုအနည်းငယ်အားနည်း ကြောင်းတွေ့ရှိရသည်။

ကျေးရွာတွင်အခြေခံပညာမူလတန်းကျောင်းရှိပါသည်။ အခြေခံပညာအထက်တန်းကျောင်း ကို တကုန်းကြီးကျေးရွာရှိစာသင်ကျောင်းတွင် သွားရောက်ပညာသင်ကြားရပြီး ကျေးရွာနှင့် (၁)မိုင်ခွဲခန့်ကွာဝေးသော်လည်းသွားရောက် ပညာသင်ကြားရပါသည်။ ကျေးရွာတွင်ကျေးလက် ကျန်းမာရေးဌာနခွဲမရှိသောကြောင့် အရေးပေါ်ပြဿနာရပ်များတွင်အခြားဒေသ (ကန်ကြီးထောင့် တိုက်နယ် ဆေးရုံနှင့်ကံကုန်းဆေးခန်းများတွင်) သွားရောက်ကုသရသဖြင့် အချိန်ကြာမြင့်မှု ရှိတတ်ပေသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာ ကာလအတွက်ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်းချမှတ်ထားပါသည်။

က.၁)ကျွန်ုပ်တို့ကျေးရွာလူထုသည်စိုက်ပျိုးထုတ်ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ကျေးရွာတွင်းလမ်းနှင့် ရွာချင်း ဆက်လမ်းများပိုမိုကောင်းမွန်လာအောင်ဖန်တီးခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများမှတစ်ဆင့်ဝင်ငွေရှာဖွေနိုင်စွမ်းနှင့်စီးပွားရေးအနေအထားကိုတိုးတက်ရ ရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုနှင့် ကျေးရွာအခြေခံအဆောက်အဦများကိုတိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းဖြင့်ကျေးရွာ သူ/သားများပညာရည်မြင့်မားပြီးလူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကိုကျယ်ဝန်းလာ စေကာ လူနေမှုဘဝတိုးတက်ကောင်းမွန် လာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် အသက်မွေးဝမ်ကျောင်းနှင့် စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေး စီမံခန့်ခွဲမှုယန္တရား တိုးတက်လာစေရမည်။

က.၄) ကျွန်ုပ်တို့ကျေးရွာသည် လူငယ်များ အရက်သေစာ သောက်စားမှုလျော့နည်းပြီး တွေးခေါ် မြေမြင်မှုနှင့် ယဉ်ကျေးမှု ပိုမိုမြင့်မားလာစေရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည် -

ခ.၁) ကျေးရွာတွင်အရင်းအနှီးချေးငွေ၊လယ်ယာသုံးစက်ကိရိယာအသုံးပြုနိုင်ရေးနှင့် နည်းပညာအသုံးချနိုင် စွမ်းရရှိရေးတို့ကိုဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတိုးနှုန်းသက်သာစွာဖြင့် ပိုမိုရရှိစေရန်အတွက် မြို့နယ်ရှိဘဏ် များ ၊ ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။

ခ.၂) ကျွန်ုပ်တို့သည်အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများတက်ရောက်နိုင်ရန်သင့်တော သောသင်တန်းသားများကိုရွေးချယ်စီစဉ်ပေးရမည်။ထိုသင်တန်းများသည်သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကိုတိုးပွားရရှိစေပြီးဝင်ငွေရလုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန်အထောက်အကူပြု ပေမည်။

ခ.၃) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ကျေးရွာလူမှုအဖွဲ့အစည်းများနှင့်ကျေးရွာအခြေပြုလုပ်ငန်းများကအကောင်အ ထည်ဖော်စီမံခန့်ခွဲနိုင်ရန်ခေါင်းဆောင်မှုစွမ်းရည်များပိုမိုရရှိအောင်ဆောင်ရွက်ရန်တိုက်တွန်းအားပေး ဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေး အဖွဲ့တို့၏ အကြံပြုချက်အရပြုစုဖော်ပြ ထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည်

ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကိုရှာဖွေဖော်ထုတ်ပေးနိုင် ကြပါမည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်းရေရှည်တည်တံမည့်အထောက်အပံများကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကိုပြန်လည် စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်းပုံမှန်စိစစ်သွားနိုင်ပါမည်။အရေးကြီးသည့်အချက်မှာဦးစားပေးစီမံချက်များ နှင့်ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေး စီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) ကျေးရွာတွင်းလမ်း၊ ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်းနှင့် လျှပ်စစ်မီးရရှိနိုင်ရန် ဆောင်ရွက်ခြင်း**

ကျေးရွာတွင်လမ်းနှင့်ရွာချင်းဆက်လမ်းမှာအနည်းငယ်ကောင်းမွန် သော်လည်းကျောက်ချော လမ်းသာဖြစ်နေပါသည်။ ကျေးရွာတင်လမ်းကိုယ်ထူကိုယ်ထလျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ထား သဖြင့်လမ်းအဆင့် မြှင့်ပြုပြင်ရန် ငွေကြေးထည့်ဝင်ရာ၌ အခက်အခဲရှိနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်မှကူညီပံ့ပိုးပေးမှုများနှင့်အတူကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကျေးရွာတွင်း လမ်းနှင့် ရွာချင်းဆက်လမ်းများအား အဆင့်မြှင့်ပြုပြင်ပေးစေလိုပါသည်။ ကျေးရွာချင်းဆက်လမ်း ပိုမိုကောင်းမွန်လာပါကတစ်ရွာနှင့်တစ်ရွာ ကုန်စည်ကူးသန်းရောင်းဝယ်မှု ပိုမိုမြန်ဆန်လာနိုင်ပြီး စီးပွားရေးဖွံ့ဖြိုးမှုအား လွန်စွာအထောက်အကူများစွာ ပြုမည်။

**(ဂ) စိုက်ပျိုးရေးလယ်ယာသုံးကိရိယာများစနစ်တကျငှားရမ်းအသုံးပြုနိုင်ရေး**

ခရောင်းကွင်းကျေးရွာသည်စိုက်ပျိုးရေးကောင်းစွာဖြစ်ထွန်းသောကျေးရွာတစ်ရွာဖြစ်ပြီးတစ နှစ်ပတ်လုံးစိုက်ပျိုးရေးရှိနိုင်သည်။ သို့သော်လယ်ယာလုပ်သား နည်းလာမှုနှင့်အတူ ရာသီဥတု ဖောက်ပြန်လာမှုတို့ကြောင့် လယ်ယာလုပ်ငန်းများ အချိန်မီပြီးစီးရန် အခက်အခဲအနည်းငယ် ကြုံတွေ့နေရသည်။စိုက်ပျိုးရေးဦးစီးဌာနနှင့်အတူသက်ဆိုင်ရာဌာနများဖြစ်ကြသောစက်မှုလက်ယာ ဦးစီးဌာနနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှပြင်ပလယ်ယာသုံးပစ္စည်းကိရိယာ ရောင်းချသောကုမ္ပဏီများနှင့်ချိတ်ဆက်ပေး သင့်ပါသည်။ ထို့အပြင်အရစ်ကျစနစ်ဖြင့် ရောင်းချမှုများ၊ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းသုံးစွဲနိုင်ရေးများ ကိုလည်း ဆောင်ရွက်ပေးသင့်ပါသည်။

**(ဃ) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး**

ခရောင်းကွင်းကျေးရွာတွင်ပညာမတတ်သောလူငယ်အချို့မှာမိမိဘဝတိုးတက်ရာအာမခံချက်ပေးနိုင်သောလုပ်ငန်းများပေါ်တွင်အာရုံစိုက်မှုနည်းပြီးဂိမ်းကစားခြင်း၊ရုံဖန်ရုံခါ အရက်သေစာသောက်စားမှုတို့ဖြင့် အချိန်ကုန်ဆုံးနေတက်ပါသည်။ ထိုနည်းတူစွာပင်လက်လုပ် လက်စားကျပန်းများမှာလည်း လုပ်ငန်းအတည်တကျမရှိဘဲ၊ရာသီပေါ်သီးနှံများပေါ်တွင်သာ ကျဘမ်းအဖြစ် လုပ်ကိုင်စားသောက်နေကြရသည်။ ထိုသူများ အတွက် သင့်တော်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာအတတ်ပညာများရရှိအောင် ကျေးလက်ဦးစီးဌာနမှ သက်ဆိုင်ရာပြင်ပအဖွဲ့များနှင့်ချိတ်ဆက်ပြီးကူညီဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည်ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန်ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာအဓိကသော့ချက် များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုကငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်က ဦးစားပေးအစီအစဉ်ချခဲ့သောစီမံကိန်း များသည်ငါးနှစ်တာလုံးအတွက် ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကိုရှေ့ပိုင်းနှစ်များတွင်ရှေ့ပိုင်းနှစ်များတွင်ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များပေါ်လာပါမည်။ ပုံမှန်အားဖြင့်စနစ်တကျရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်မှုဘောင်သည်သဘာဝဘေးအန္တရာယ်ဆိုးဆိုးဝါးဝါးမကျပါကပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲနောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့ကိုနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ထည့်သွင်းခြင်းအားဖြင့်အစဉ်သဖြင့်ငါးနှစ်တာစီမံချက်တစ်ခု အသင့်အနေအထားတွင် ရှိနေပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟုလုပ်ငန်းကဏ္ဍဆိုင်ရာအရခွဲခြား ခြင်း (Functional classification)နှင့် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာ ရင်းနှီး မြှပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုးရှိသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functionalclassification)–ဝန်ကြီးဌာနများ၊ဦးစီးဌာနများကယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းက ကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေး အစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ခရောင်းကွင်းကျေးရွာ၊ ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *အခြေခံအဆောက်အအုံ* | | | | | |
| | ၁။လမ်းပန်းဆက်သွယ်သွယ်ရေး ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ၁၀၀ | ၁ | –ရွာတွင်းလမ်းအား မြေသားလမ်းမှ ကျောက်ချောလမ်း အဖြစ် အဆင့်မြှင့်တင်ခြင်း။( ပေ ၂၆၆၀)<br>_ ရေပွန် (၁)ခုဆောက်လုပ်ခြင်း။ | ကျေးလက် ဦးစီး |
| *လျှပ်စစ်မီးလင်းရေး* | | | | | |
| | ၂။ကျေးရွာမီးလင်းရေးဆောင်ရွက်ခြင်း | ၉၅ | ၂ | –ကျေးရွာမီးလင်းရေးအတွက် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းရန် (သို့) ဆိုလာမီးများချထားပေးရန် | လျှပ်စစ်ဦးစီး (သို့) ကျေးလက်ဦးစီး |
| *ပညာရေး* | | | | | |
| | ၃။ ကျောင်းအဆောက်အဦမလုံလောက်ခြင်း | ၇၀ | ၃ | – စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် | အခြေခံ ပညာဦးစီး ဌာန |
| *ကျန်းမာရေး* | | | | | |
| | ၄။ကျေးရွာနေပြည်သူများ ကျန်းမာရေးတိုးတက်ကောင်းမွန် အောင် ဆောင်ရွက်ရန် | ၆၇ | ၄ | – ထိရောက်သည့် ရောဂါကာကွယ်ရေးဝန်ဆောင်မှုများ ပေးရန်<br>–ရာသီအလိုက်ရောဂါများ ကြိုတင်ကာကွယ်ရန် အသိ | ကျန်းမာရေး ဦးစီးဌာန |

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| | | | | ပညာများ ပို့ချပေးရန်<br>– ယင်လုံအိမ်သာစနစ် အသုံးပြုရေး ဟောပြောပို့ချပေးစေရေးနှင့် ယင်လုံအိမ်သာများ တည်ဆောက်ပေးရန် | |
| ***စိုက်ပျိုးရေး*** | | | | | |
| | ၅။စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေတိုးတက်ရရှိရေး | ၅၇ | ၅ | – စိုက်ပျိုးရေး နည်းပညာများ ပံ့ပိုးပေးစေခြင်း<br>– ဈေးကွက်ကျယ်ပြန့်အောင် ဆောင်ရွက်ပေးခြင်း<br>–မျိုးကောင်း/မျိုးသန့်ရရှိရေးနှင့် စက်ကိရိယာများ ငှားရမ်း<br>ချိတ်ဆက်ပေးစေခြင်း | စိုက်ပျိုးရေးဦးစီးဌာန |
| ***မွေးမြူရေး*** | | | | | |
| | ၆။တိရိစ္ဆာန်ရောဂါကာကွယ်ရေး နည်းပညာ ဝန်ဆောင်မှုပေးစေခြင်း | ၅၄ | ၆ | – တိရိစ္ဆာန်ရောဂါကာကွယ်ရေး နည်းပညာများ ဝန်ဆောင်မှု ပေးခြင်း | မွေး/ကု ဦးစီး |
| ***စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ*** | | | | | |
| | ၇။ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးစေခြင်း | ၄၉ | ၇ | _ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာရေး စက်ရုံ/ အလုပ်ရုံများ ဖော်ဆောင်ပေးစေရေး<br>_ အသက်မွေးဝမ်းကျောင်းအတတ်ပညာများ ပို့ချပေးရန် | ကျေးလက်ဦးစီး |

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု လုပ်ငန်း*** | | | | | |
| | ၈။ဘဏ်များ၊ငွေကြေးဝန်ဆောင်မှုအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် စီစဉ်ခြင်း၊ | ၃၅ | ၈ | – စီးပွားရေး၊လူမှုရေးနှင့်အရေးပေါ်ကိစ္စများအတွက် ငွေကြေး ဝန်ဆောင်မှုများ ပံ့ပိုးပေးစေခြင်း | သမဝါယမ ဦးစီးဌာန |
| ***လူငယ်ဖွံ့ဖြိုးရေး*** | | | | | |
| | ၉။လူငယ်များယဉ်ကျေးမှုနှင့်ကျမ်းမာ ကြံ့ခိုင်ရေး | ၈၀ | ၁ | – ကစားကွင်း၊ အားကစားပစ္စည်းများ ပံ့ပိုးပေးနိုင်ရန်<br>– အားကစားသင်တန်းများ ပို့ချပေးရန်<br>– လူငယ်များ အရက်သေစာသောက်စားမှုကို ထိရောက်စွာတားဆီးနိုင်ရန် | အားကစား ဦးစီးဌာန |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလိုဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ |
|---|---|---|---|---|---|---|
| ၁။ လမ်းပန်းဆက်သွယ်သွယ်ရေးတိုးတက်ကောင်းမွန် အောင် ဆောင်ရွက်ခြင်း | ၁ | —— | | | | |
| ၂။ ကျေးရွာမီးလင်းရေးအတွက် ဆောင်ရွက်ပေးခြင်း | ၂ | —— | | | | |
| ၃။ ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း | ၃ | | —— | | | |
| ၄။ကျေးရွာနေပြည်သူများ ကျန်းမာရေးတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ရန် | ၄ | | —— | | | |
| ၅။ စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေတိုးတက်ရရှိရေး | ၅ | | | —— | | |
| ၆။ တိရိစ္ဆာန်ရောဂါကာကွယ်ရေး နည်းပညာဝန်ဆောင် မှုပေးစေခြင်း | ၆ | | | —— | | |
| ၇။ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးစေခြင်း | ၇ | | | | —— | |
| ၈။ ဘဏ်များ၊ ငွေကြေးဝန်ဆောင်မှုအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် စီစဉ်ခြင်း၊ | ၈ | | | | —— | |
| ၉။ လူငယ်များ ယဉ်ကျေးမှုနှင့် ကျန်းမာကြံ့ခိုင်ရေး | ၉ | | | | | —— |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ် ကိုးကားရန်သာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက် နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်း ဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်း ဖော်ပြထား ခြင်းမရှိပါ။(ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်း ကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအသုံးစရိတ်ခွဲခြားသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | လမ်းပန်းဆက်သွယ်သွယ်ရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | | | √ | | |
| ၂ | ကျေးရွာမီးလင်းရေးအတွက်ဆောင်ရွက်ပေးခြင်း | | | √ | | |
| ၃ | ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် | | | √ | | |
| ၄ | ကျေးရွာနေပြည်သူများကျန်းမာရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန် | | | | √ | |

| | | | | | | |
|---|---|---|---|---|---|---|
| ၅ | စိုက်ပျိုးရေးလုပ်ငန်းများမှဝင်ငွေတိုးတက်ရရှိရေး | | | | √ | |
| ၆ | တိရိစ္ဆာန်ရောဂါကာကွယ်ရေးနည်းပညာဝန်ဆောင်မှုပေးစေခြင်း | | | | √ | |
| ၇ | အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးစေခြင်း၊ ဝန်ဆောင်မှုများရရှိရန်ဆောင်ရွက်ခြင်း | | | | | √ |
| ၈ | ဘဏ်များ၊ငွေကြေးဝန်ဆောင်မှုအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် စီစဉ်ခြင်း၊ | | | | | √ |
| ၉ | လူငယ်များယဉ်ကျေးမှုနှင့်ကျန်းမာကြံ့ခိုင်ရေး | | | | √ | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကဦးဆောင် အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ် ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ အားတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာ အသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင် ရွက်စေ၍ လယ်သမားအဖွဲ့ကကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင် ရွက်စေခြင်းဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

